# ပလောင်တော်လှန်ရေးနေ့ အခမ်းအနား ထိုင်း–မြန်မာနယ်စပ်တွင်ကျင်းပ

NEJ / ၁၂ ဇန်နဝါရီ ၂၀၀၅ / ၁၈း၂၀



ပလောင်အမျိုးသားသီချင်း သီဆိုနေစဉ်

၄၂ နှစ်မြောက် (ပလောင်) တအောင်း အမျိုးသားတော်လှန်ရေးနေ့ အခမ်းအနား တရပ်အား ထိုင်း–မြန်မာ နယ်စပ်တနေရာတွင် ယနေ့ကျင်းပသည်။

အခမ်းအနားဦးစီးကျင်းပသည့် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF) အဖွဲ့မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် မိုင်းဘုန်းကျော်က "ပလောင်တော်လှန်ရေးနေ့နှစ်စဉ်ကျင်းပရတာကတော့ ပလောင်လူမျိုးတွေအနေနဲ့ စစ်အာဏာရှင်အဆက်ဆက်ရဲ့ဖိနှိပ်မှုကို ခေါင်းငုံ့မခံဘဲ အမျိုးသားရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် တိုက်ပွဲဝင်ဖို့ တပ်လှန့်နိုးဆော်ပေးတဲ့ ရည်ရွယ်ချက်နဲ့ပါ။ မပြီးဆုံးသေးတဲ့ အမျိုးသားတော်လှန်ရေးအတွက် ပလောင်လူမျိုးတွေအနေနဲ့ အခုထက်ပိုပြီး ပူးပေါင်းတိုက်ပွဲဝင်ဖို့ တိုက်တွန်းလိုပါတယ်" ဟု ပြောကြားသည်။

အခမ်းအနားအား ပလောင်အမျိုးသားသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် PSLF မှမိုင်းဘုန်းကျော်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တာမလာဘော၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂမှ ဦးတင်ထွန်းအောင်နှင့် ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလားဖန်းတို့က ဆောင်ရွက်ခဲ့ကြသည်။

ပဒိုမန်းရှာလားဖန်းက "ပလောင်တော်လှန်ရေးဟာ (၄၂) နှစ်ရှိပြီ။ ဒီတော်လှန်ရေးဟာ လူတယောက်နှစ်ယောက်ရဲ့ဆန္ဒနဲ့ ဖြစ်ပေါ်လာတာမဟုတ်ဘူး။ ပလောင်အမျိုးသားလှုပ်ရှားမှုထဲမှာ ဖြစ်လာတာ။ ဒီနေ့ကာလမှာ ခက်ခက်ခဲခဲနဲ့ တော်လှန်ရေးမှာ ရပ်တည်ကြိုးစားနေရပေမယ့် နောက်ဆုံးတနေ့မှာ အောင်ပွဲခံရမှာပဲလို့ ယုံကြည်တယ်" ဟု ပလောင်အမျိုးသားတော်လှန်ရေးနေ့ ဂုဏ်ပြုမိန့်ခွန်း ပြောကြားသည်။

အခမ်းအနားသို့ မြန်မာပြည် ဒီမိုကရေစီရရှိရေးတိုက်ပွဲဝင် အဖွဲ့အစည်းများနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းအသီးသီးမှ သဝဏ်လွှာများပေးပို့ကာ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ပလောင်တော်လှန်ရေးနေ့ အခမ်းအနားအား ပြည်တွင်း၌ ပလောင်ရွာများနှင့် နအဖစစ်အစိုးရနှင့် ငြိမ်းချမ်းရေးယူထားသည့် ပလောင်ပြည်နယ် လွတ်မြောက်ရေးပါတီ (PSLP) အဖွဲ့တို့ကလည်း ပြုလုပ်ခဲ့ကြသည်။ သို့သော် ပလောင်တော်လှန်ရေးနေ့အဖြစ် စစ်အစိုးရက ခွင့်မပြုဘဲ ပလောင်တပ်မွေးနေ့အနေဖြင့်သာ ပြုလုပ်ခွင့်ရှိကြောင်း မိုင်းဘုန်းကျော်က ပြောကြားသည်။ ■